


အောက်တိုဘာ လကုန်လောက်ကစပြီး ဘုန်းကြီးတို့နေတဲ့ အရီဇိုးနား ပြည်နယ်မှာ ဆွေရာသီ စတင်ပါတယ်။ မေလကုန် လောက်ထိပါပဲ။ အပူချိန် ၁၀၀ ဒီဂရီ ဖာရင်ဟိုက် အောက်ကို ကျသွားပြီး အနိမ့်ဆုံးဖြစ်တဲ့ ဇန်နဝါရီလမှာ ၄၀ ဒီဂရီ ဖာရင်ဟိုက် ဝန်းကျင်မှာ တက်လိုက် ကျလိုက်နဲ့။ နေ့လယ်နေ့ခင်း မြူတိမ်ကင်းတဲ့ ကောင်းကင်ပြာကြီးကို ကြည့်ရတာ လွမ်းမောစရာပါ။ ဖိနစ်စ်မြို့ထဲမှာ အခန်းငှားနေတုန်းက City Light (မြို့တော်ရဲ့ တောက်ပမှု)ကြောင့် ကြယ်ရောင် လရောင်တွေကို မမြင်ရဘူး။ အခုတော့ တောပိုင်းရပ်ကွက်ဖြစ်လို့ လူတွေ သဘာဝ အတိုင်း လျှပ်စစ်မီးရောင်မဲ့ နေလိုတာကြောင့် လမ်းမီး မရှိဘူး။ City က လျှပ်စစ်မီး ချွေတာလိုတာနဲ့ အတော်ပါပဲ။ ဒီတော့ အရီဇိုးနား ဆွေရာသီရဲ့ လပြည့်ညက သာချင်တိုင်း သာပေ့ါ။ တစ်ခါတစ်ရံ လရောင်အောက်မှာ ထိုင်ပြီး ဒကာကြီး ဦးဝင်းစိန် ဒကာမကြီး ဒေါ်သန်အေးတို့ မြန်မာပြည်က ယူလာတဲ့ ထန်းပေါ်ဦး ထန်းလျက်နဲ့ ရေနွေးကြမ်း သောက်ရင်း ကြယ်တွေကို ကြည့်ဖြစ်တယ်။

အဲဒီလို ဆွေရာသီ ရောက်ရင် အရီဇိုးနားက မြို့တွေမှာ Snow Birds (ဆောင်းခိုသူ)တွေနဲ့ စည်ကားပါတယ်။ အမေရိက အရှေ့မြောက်ပိုင်း ပြည်နယ်တွေနဲ့ ကနေဒါစတဲ့ ရေခဲမှတ် အောက်ထိ အေးလွန်းတဲ့ အရပ်က ငွေကြေးချမ်းသာတဲ့ အငြိမ်းစားတွေ လာပြီး တစ်ချို့ ကိုယ်ပိုင် အိမ်နဲ့၊ တစ်ချို့ ငှားပြီး နေကြတယ်။ ဆွေရာသီ စတာနဲ့ လမ်းဆုံ လမ်းခွတွေမှာ ‘Snow Birds တွေကို နွေးထွေးစွာ ကြိုဆိုပါ၏’ ဆိုင်းဘုတ်တွေ တွေ့ရမြဲ။ ဘုန်းကြီးကျောင်းရဲ့ ညာဖက်ခြံက အငြိမ်းစား လင်မယားက မစ်ချီဂန် ပြည်နယ် Detriot မြို့မှာလည်း အိမ်ရှိတယ်။ နိုဝင်ဘာ ပထမ ပတ်ဆို ကျောင်းဘေးက အိမ်ကို ရောက်ပြီ။ ရောက်တာနဲ့ အဖွားကြီးရဲ့ Hay, Hi လေးတွေနဲ့ နှုတ်ဆက်သံ ကြားရမြဲ။ ဘုန်းကြီး တွေ့ရသလောက် သူတို့က မြင်းစီးတာ၊ မြင်းအလှ ပြိုင်တာ၊ မြင်းစာကျွေးတာတွေနဲ့ပဲ အချိန်ကုန်ကြတာပဲ။ ဗုဒ္ဓဘာသာ ဘုန်းကြီးမှန်း သိတော့ ပြုံးပြီး ပြောပုံက ကျုပ်တို့က ဘာသာရေးကို စိတ်မဝင်စားပါဘူးတဲ့။ ကိစ္စမရှိ၊ မဆန့်ကျင်တာကိုပဲ ကျေးဇူးကမ္ဘာပါ။

ဘယ်ဘက်ခြံမှာတော့ အစိုးရ လိုင်စင်ရ တစ်နိုင်တစ်ပိုင် မိသားစု ဆောက်လုပ်ရေးသမား Mike နဲ့ ဇနီး Lorat တို့ရှိတယ်။ အိမ် ဆောက်တာ၊ အုတ်တံတိုင်း ကာတာတွေ လုပ်တယ်။ ကိုယ့်မိသားစုနဲ့ ကိုယ်နေတဲ့ သားက သူ့မဖေ Mike နဲ့ အတူ လုပ်တယ်။ ဘုန်းကြီးကျောင်းနဲ့ ကပ်နေတဲ့ သူ့ခြံထောင့်က လူတစ်ရပ်ကျော် မြင့်တဲ့ အိုလီယန်ဒါ (နှယ်သာကီ) ပန်းခြုံကြောင့် သူ့အိမ်ရှေ့ ကွက်လပ်မှာ လေထုအပြောင်းအလဲ ဖြစ်ပြီး မကြာခဏ Dust Devil (လေပွေရိုင်း) ဖြစ်ပေါ်လေ့ရှိတယ်။ နွေနှောင်းကာလ နေ့လယ်ခင်းတစ်ချိန်၊ အိမ်မှာ သူတို့ မရှိတုန်း အတော် အင်အားပြင်းတဲ့ လေပွေရိုင်း မွှေလို့ အိမ်ရှေ့အဖီက သွပ်ပြားပါးတွေ ပန်ကာလို လည်ပြီး ပျံတက်၊ အိမ်မကြီးကို ကျော်ဖြတ်ပြီး အိမ်နောက်ဖေးထိ လွင့်သွားပါလေရော။ အဲဒါကို ဘုန်းကြီးက အထဲက ပစ္စည်းတွေ ရေစိုမှာကို စိုးရိမ်တကြီးနဲ့ ဖုန်းဆက်ပြောလို့ သူတို့က သိပ် ကျေးဇူးတင်တယ်။ အပြန်အလှန် အနေနဲ့ ဘုန်းကြီး အခြားမြို့ကို ခရီးသွားရင် ဘုန်းကြီးကျောင်းကို ပူစရာမလိုဘူး။

ပြီးခဲ့တဲ့ ဧပြီလ တစ်နံနက်မှာ ညာဖက်က မစ်ချီဂန် Snow Birds တွေရဲ့ အိမ်ဝင်းကို Mike က ဘူဒိုဇာနဲ့ ထိုးပြီး မြေကို ညှိပေးရတယ်။ ဘုန်းကြီးကျောင်းဝင်းကို ဖြတ်သွားရင်း Mike က ဘုန်းကြီးကို လက်ယပ်ခေါ်လို့ သူ ညွှန်ပြတာကို ကြည့်တော့ ဘုန်းကြီးအိပ်တဲ့ ခေါင်းရင်းဖက် အပြင်က ၁၅ ပေလောက် မြင့်တဲ့ အမိုးစွန်းရဲ့ မျက်နှာကြက်ထဲကို ပျားတွေ ဝီးကနဲဝီးကနဲ ဝင်ထွက်နေတာ တွေ့လိုက်ရတယ်။ သူက ပခုံးကိုတွန့်ရင်း Dangerous တဲ့။ တဖြည်းဖြည်း အမိုးရှိသမျှ လျှောက်ပြီး အိမ်ဖွဲ့ မသွားခင် မြန်မြန် ရှင်းပါတဲ့။ သူ မပြခင် တစ်လလောက်က အလည်ကြွလာတဲ့ ဘုန်းကြီး ဦးသဇ္ဇန အဲဒီနားမှာ သစ်ပင် စိုက်နေတုန်း သူ့ခေါင်းကို ပျားတုပ်စဉ်က ပျားတွေကို တွေ့ပေမယ့် မကြာခင် အလိုအလို လွင့်သွား မယ်ပဲထင်ခဲ့တာ။ ခုတော့ ပျားတွေ အတော်အင်အားကောင်းနေပြီ။ Bee Keeper (ပျားရှင်းသူ)ကို ခေါ်ပေးရမလားတဲ့။ တကယ့် စိုးရိမ်ဟန်နဲ့ သူက ပြောတော့ မငြင်းသာဘူး၊ Yes, please နဲ့ ခေါင်းညိတ်လိုက်ရတာပေါ့။

ပျားရှင်းခ $ 120 ပေးရမယ်တဲ့။ မွန်းလွဲလောက်မှာ Bee Keeper က Jason ဆိုသူ ရောက်လာတယ်။ ဘုန်းကြီးက နေရာကို ခေါ်ပြတယ်။ ခမောက်လို ဦးထုပ်စွန်းမှာ ကပ်ပြီးချုပ်ထားတဲ့ တစ်ပေလောက်ရှည်တဲ့ နိုင်လွန်ဇာအထူနဲ့ မျက်နှာကို ကာကွယ်ထားတဲ့ ပျားကာဦးထုပ်၊ မိုးကာလို ပိတ်သားနဲ့ ချုပ်ထားတဲ့ ပျားကာ ဝတ်ရုံနဲ့ တစ်ကိုယ်လုံး ဖုံးပြီး ပျားရှိတဲ့ နေရာကို တက်၊ ခေါက်ကြည့်၊ နားကျပ်လို ကိရိယာနဲ့ နားထောင်ကြည့်ပြီးနောက် ဆေးဖြန်းရုံနဲ့ မရတော့ဘူး၊ အများကြီး ဖြစ်နေပြီ၊ မျက်နှာကြက်ကို ဖောက်ရမယ်၊ အားလုံး $ 300 ပေးရမယ်တဲ့။ ကောင်းပြီ၊ ဆက်လုပ် ဆိုတော့မှ မျက်နှာကြက်ကို ဖောက်တယ်။ ဘုန်းကြီးက ခပ်လှမ်းလှမ်းက မှန်ပြောင်းနဲ့ ကြည့်နေတယ်။ မျက်နှာကြက်ပွင့်သွားတာနဲ့ ပျားတွေ ဝုန်းကနဲ Jason ရဲ့ မျက်နှာကို မမြင်ရအောင် ဖြစ်သွားတယ်။ Jason က ဆေးဖြန်းတယ်။ ပျားတွေ ကျဲသွားမှ ဆန်ကော ဝန်းလောက်ရှိတဲ့ ပျားးသလက်တုံးကြီး ငါးတုံးကို တာလပတ်ပေါ်ကို တဗုန်းဗုန်းနဲ့ လှီးချတယ်။

ဆေးဖြန်းလိုက်တော့ ပျားကောင်တွေ လွင့်ကုန်တယ်။ Jason ဆင်းလာရင်း ဦးထုပ်ကို ချွတ်ပြီး လှမ်းပြောပုံက ငါ့မိန်းမ တောင် ပေါင် ၁၂၀ ပဲ ရှိတယ်၊ ဒီ honey က ပေါင် ၁၂၀ မကဘူးတဲ့။ ပျားတွေ အဝေးကြီးကို ပျံကုန်ပြီ၊ ဒီမှာ သူ့အိမ် မရှိလို့ ပြန်မလာတော့ဘူးတဲ့။ အဲဒီပျားတွေက သေမသွားဘူးလား မေးတော့ သေတဲ့ဆေးကို မဖြန်းရဘူး၊ ပြေးအောင်ပဲ လုပ်ရတယ်တဲ့။ သဘာဝကို ထိန်းသိမ်းတဲ့အနေနဲ့ မလိုအပ်ဘဲ ပျားလေးတွေရဲ့ အသက်ကို မသတ်ရဘူးတဲ့။ ပျားအိမ်ကို ဖျက်ဖို့ ကိုယ့်ပယောဂ မင်းကင်းတာကိုတွေးပြီး စိတ်လေးနေတုန်း ပျားတွေ မသေပါဘူးဆိုလို့ စိတ်သက်သာရတော့ ရမိတယ်။ (စကားမစပ်၊ ကပ္ပိယကို မစောင့်လိုက်နိုင်ဘဲ အဲဒီလို အရေးပေါ် ဖြေရှင်းလိုက်ရတာလေးကိုတော့ နားလည်ပေး စေချင်တယ်။) ပျားရည် နည်းနည်း ပေးခဲ့ပါလားဆိုတော့ သူက အန္တရာယ်ကင်း မကင်း မသေချာလို့ ပေးခွင့် မရှိဘူးတဲ့။ ဒီမှာက ဆိုင်က အသီးကိုပဲ စားတာ။ လမ်းဘေးက အသီးအရွက်တွေကို ခူးစားလေ့ မရှိဘူး။

အရည်ရော အဖတ်တွေပါ အားလုံး အမှိုက်ပုံးထဲ သိမ်းထည့်ရင်း သူ့ကိုယ်မှာ ကပ်ပါလာတဲ့ ပျားတစ်ကောင်ကို ပြပြီး ပျားအကြောင်းကို ရှင်းပြတယ်။ အာဖရိကပျား (AHB) ခေါ်သတဲ့။ အမေရိကမှာ အလွန်အကျွံ မပြန့်ပွားအောင် ထိန်းပေမယ့် မအောင်မြင်သေးဘူးတဲ့။ အ

ကောင် သေးပေမယ့် အားကောင်းတယ်။ လျှင်မြန်ဖျတ်လတ်ပြီး သူတို့ရဲ့ပျားအိမ်ကို အုပ်စုလိုက် ကာကွယ်တတ်တယ်။ အစားအစာကို ပိုမိုရှာဖွေနိုင်စွမ်းရှိတယ်။ သိပ်ပြီးတော့လည်း အလုပ်လုပ်တယ်။ Arizona Republic (သတင်းစာ) မှာ မိတ်ဆွေ ဖတ်လိုက်ရသလားတဲ့ မေးတော့ မသိဘူးဆိုတော့ ဒီနှစ်က Phoenix ဧရိယာမှာ မိုးအများကြီး ရွာတယ်လေ၊ ဒီပျားတွေက စိုပြီး နွေးတာကို ပိုကြိုက်တော့ ဒီနှစ်မှာ အများကြီး ပေါက်ဖွားလို့ အိမ်တွေမှာ ပျားအုံတွေကို အခုလို အများကြီး ရှင်းရတာပေါ့တဲ့။ ဘုန်းကြီး မြင်ရသလောက် ခေါင်းကြီးတယ်။ ကိုယ်ပိုင်းမှာ အနီရောင်ရင့်ပြီး ကိုယ်လုံးမှာ အမည်းစက်တွေနဲ့။ အတောင် ထူတယ်။ ဖင်ပိုင်းက အစွယ်လည်း တုတ်တယ်။

စပ်မိလို့ .. အိမ်အမိုးကို ပျားစွဲရင် မကောင်းဘူးတဲ့ ပြောကြတယ်။ ဒါပေမယ့် .. နှစ်ရက် အကြာမှာ Mike တံခါးကို လာခေါက်တယ်။ မစ်ချီဂန်အိမ်ဖက်ကို လက်ညှိုးထိုးပြီး အဲဒီပုဂ္ဂိုလ်က သံဇကာခြံစည်းရိုး ခတ်ချင်နေတယ်၊ ဟိုဘက်ခြံက ပုဂ္ဂိုလ် (ဘုန်းကြီးကို ရည်ညွှန်းတယ်)က အုတ်တံတိုင်း ခတ်ချင်နေတယ် ပြောလို့ တစ်ဝက်ပါရင် လုပ်မယ် ပြောကြောင်း ဘုန်းကြီးကို အသိပေးတယ်။ ပေ ၂၈၀ လောက်ကို တစ်ဦးတည်း အုတ်တံတိုင်းခတ်ရင် ဒေါ်လာ ၇၀၀၀ ကျော် ကုန်ကျမှာကို နှစ်ယောက်ပေါင်းပြီး လုပ်ဖြစ်ရင် တစ်ဝက် သက်သာမှာဖြစ်လို့ မစ်ချီဂန်နဲ့တွေ့တော့ ဘုန်းကြီးက ငါ တစ်ဝက် ခံမယ်၊ သံဇကာအစား အုတ်တံတိုင်း ခတ်ရအောင် ဆိုတော့ အဖိုးကြီးက ညနေကျရင် ငါ့ဇနီးကို မေးကြည့်မယ်တဲ့။ အိုကေ။ နောက် နေ့မနက် အဖိုးကြီးက ဘုန်းကြီးကို လက်မ ထောင်ပြတယ်။ လုပ်မယ်ပေါ့။ အဲဒါနဲ့ပဲ ဘုန်းကြီးကျောင်းကို အုတ်တံတိုင်း ခတ်ဖြစ်သွားတယ်။ တစ်ဝက် သက်သာတော့ ဘုန်းကြီးကျောင်းအနေနဲ့ ရှေ့မျက်နှာစာကိုပါ အုတ်တံတိုင်းခတ်ဖို့ ကာမိသွားတာပေါ့။ တစ်လလောက် အကြာမှာ အိမ်နီးချင်း ဆောက်လုပ်ရေးသမား Mike တို့ သားအဖနဲ့ပဲ ၁.၂၅ ဧကရှိတဲ့ မြေ ကွက်တစ်ခုလုံး ခြံစည်းရိုးကာဖြစ်သွားတယ်။ ဒါတင် မကသေးဘူး ..

မကြာခင်မှာပဲ ဓမ္မဝိဇယရုံသိ ကြေသွန်းစေတီတော် ကိန်းဝပ်မယ့် စေတီယသိမ်ကျောင်းဆောင် ဆောက်လုပ်ခွင့် ပါမစ် လည်း တစ်နေ့ရာက ရုတ်တရက်ကျပြီး အုတ်မြစ်ချဖြစ်တယ်။ စေတီတော် ယာယီ ကိန်းဝပ်ဖို့ ၃၂×၄၈ ကျယ်တဲ့ Sheld (ဓမ္မရုံ) ဆောင်လည်း ဆောက်ပြီးတယ်။ ဝင်းထဲမှာ လူနှစ်ရပ်ကျော် မြင့်တဲ့ သစ်ပင် အပင် ၃၀ ကျော် စိုက်ဖြစ်တယ်။ အဲဒါ သုံးလေးလ အတွင်းမှာ ဖြစ်ခဲ့တာဗျို့။ မျက်စိလည်တဲ့ တိုက်ဆိုင်မှုပေလား .. ❐

--------------------------



